
ဆုပြည့်စုံထွန်းစာပေ

# နွေတမာန်

သေတွင်း











သည်းထိတ်ရင်ဖို ဂမ္ဘီရဆန်းကြယ် လုံးချင်းဝတ္ထုသစ်

နွေတမာန်
သေတွင်း
အပိုင်း ( ၁ )

# တွင်းတူးမိုက်တဲ့ သိုက်သမား

## ( က )

ထိုနေ့က စမ်းကြီးချောင်ရွာကလေး၏ ပတ်ဝန်းကျင်တွင် ထူးထူးကဲကဲ ရာသီဥတု ဖောက်ပြန်မှုဖြစ်ပွားခဲ့လေသည်။ နွေခေါင်ခေါင်ကြီးတွင် မိုးတွေသည်းထန်စွာ ရွာသွန်းရုံမက မိုးကြိုးများပစ်ကာ၊ မြေလျှင်များပင် လှုပ်ခါခဲ့သည့် အတွက် ရွာသူ ရွာသားများအားလုံး တုန်လှုပ်ချောက်ခြား အံ့အား သင့်ခဲ့ရလေသည်။

သာယာကြည်လင်နေသော နွေလည်နေ့ခင်းကြီးတွင် - ရုတ်တရက် -

ပတ်ဝန်းကျင်တစ်ခုလုံး မိုးသားများ အုံ့မှိုင်းလာသည်။ ဘာကိုမှမမြင်ရတော့လောက်အောင် တိမ်မည်းထုကြီးက ကောင်းကင်ကို ဖုံးလွှမ်းပစ်လိုက်လေ၏ ။ လျှပ်စီးများ တဖျတ်ဖျတ်လက် ကာ မိုးချိမ်းသံများက တဝုန်းဝုန်း တဒိုင်းဒိုင်း ဆူညံလျက်ရှိလေသည်။

မိုးများ သည်းကြီးမည်းကြီး ရွာချလာသည့်အတွက် လယ်ထဲ ချောင်းထဲရောက်နေသောလူများ၊ လုပ်ငန်းခွင်ဝင်နေသော လူများ ကိုယ့်အိမ်ရှိရာ အပြေးအလွှားပြန်လာကြသည်။ အပြင်ထွက် ဆော့နေသော ကလေးများကို အလျင်အမြန် ခေါ်ယူကြသည်။ ရုတ်ရုတ်သည်းသည်းဖြစ်နေစဉ်တွင် မိုးကြိုးတစ်ချက် ပစ်ချ လိုက်ရာ လျှပ်စီးကြောင်းကြီးက ရွာမြောက်ဘက်ရှိ ဝက်ပါလိုဏ်စေတီကြီးဆီသို့ ရွေ့မျောသွားသည်ကို မြင်လိုက်ကြ ရလေသည်။

မိုးကြိုးပစ်သံဆုံးသည်နှင့် တစ်ပြိုင်တည်း စေတီကြီးဆီမှ ကြီး မားလေးလံသော အရာတစ်ခု မြေပေါ်သို့ ပြုတ်ကျသံကို ကြားလိုက် ရလေသည်။

မြေကြီးများပင် တုန်ခါသွားသည်အထိ ပြင်းထန်လှပေ ၏ ။

လူအားလုံး၏ အာရုံသည် စေတီကြီးဆီသို့ရောက်ရှိသွား ကာ အမျိုးအမည်မဖော်ပြနိုင်သော စိုးရိမ်ထိတ်လန့်မှုများ ရွာသူ ရွာသားများ ရင်၌ ကိုယ်စီပေါ်လာကြလေသည်။ စေတီကြီးမှာ ရှေးဘိုးဘွားအစဉ် အဆက်ကရှိခဲ့သော စေတီကြီးဖြစ်ကာ တန်ခိုး တော်ကြီးမားလှသည့် ရှေးဟောင်းစေတီကြီးလည်း ဖြစ်လေသည်။ သူကြီးမှစ၍ စေတီကြီးဆီမှ ကြားလိုက်ရသော ပြိုလဲသွားသည့် အသံကြီးအတွက် စိုးရိမ်မကင်းဖြစ်သွားလေသည်။ သူကြီးဦးဘဖဲသည် ပလတ်စတစ်မိုးကာကြီးကို အလျင် အမြန် ဆွဲခြုံကာ အိမ်ထဲမှ ခပ်သုတ်သုတ် ထွက်လာခဲ့လေ၏ ။ သူကြီး၏ တပည့်ကိုတုတ်ဖားလည်း နောက်မှပြေးလိုက်သွားလေ၏ ။ သူကြီးတို့ဆရာတပည့်နှစ်ယောက် စေတီကြီးဖက်သို့ အလျင် အမြန်လျှောက်သွားသည်ကို မြင်လိုက်ရသော ရွာသား ယောကျ်ားများ သည်လည်း မေးမြန်းမနေတော့ဘဲ နောက်မှ လိုက်လာခဲ့ကြလေသည်။

သူတို့အားလုံး၏ ရင်ထဲတွင် စေတီကြီးဘက်ဆီမှ ကြားလိုက်ရသော ပြိုလဲကျသံကြောင့် စိတ်လက်ထိုင်းမှိုင်း စိုးရိမ်ကြောင့်ကျဖြစ်နေ ကြလေရာ နှုတ်မှထုတ်ဖော်ပြောစရာမလိုဘဲ စေတီကြီးရှိရာသို့ တစ်ညီ တစ်ညာတည်း စုရုံးသွားရောက်မိကြခြင်း ဖြစ်လေသည်။ ရွာအထွက် ရောက်လျှင်ပင် ရွာရှိယောကျ်ားသား တစ်ရာကျော် စုစည်းမိပြီးသား ဖြစ်သွားလေ၏ ။ သူတို့အားလုံး မြောက်ဘက်စူးစူးမှ စေတီကြီးရှိရာသို့ လှမ်း မျှော်ကြည့်လိုက်လေသည်။ သို့သော် တစ်မိုးလုံးပြည့်အောင် မည်းမှောင် နေသော တိမ်သားထုနှင့် ပြင်းထန်သည်းမည်းလှသော မိုးရေစက်များ ကြောင့် ဘာကိုမှ ထင်ရှားအောင်မမြင်ရချေ။ သူကြီးနှင့် ရွာသားတစ်သိုက် မိုးထဲလေထဲတွင် စေတီကြီး ဆီသို့ ဦးတည်လျှောက်လှမ်းနေစဉ်မှာပင် ပထဝီမြေလွှာတစ်ခုလုံး သိမ့်သိမ့်ခါ လှုပ်ယမ်းသွားလေ၏ ။

♥ ♥ ♥

# ( ၁ )

စမ်းကြီးချောင်ရွာကလေးကို အဝေးမှကြည့်မည်ဆိုလျှင် စမ်းချောင်းနံဘေးမှ အိမ်ခြေတစ်ရာခန့်ရှိသော ညီညာသပ်ရပ်သည့် အိမ် တန်းများ၊ စိမ်းစိုသောလယ်ကွင်းများကို ရိုးမတောင်တန်းကြီး နောက်ခံ ထားလျက် မြင်တွေ့ရပေမည်။ စမ်းကြီးချောင်ရွာမှာ ရိုးမတောင်ခြေရှိ စမ်းချောင်းလေး နံဘေးတွင်တည်ထားသော မြန်မာကျေးလက်ရွာကလေးဖြစ်ပေ သည်။ စမ်းချောင်းကို အမှီပြု၍ စိုက်ရေးပျိုးရေး အထိုက်အလျှောက် ဖြစ်ထွန်းသည်။ ရွာကလေးမှာ စမ်းချောင်းနှင့်တောင်တန်းအကြား မြေပြန့်တွင် တည်ရှိသည့်အတွက် ရှုခင်းသာယာလှပသည်။ စမ်းကြီးချောင်သို့လာလိုလျှင် စမ်းချောင်းတစ်ဖက်ကမ်း မှသာ လာရောက်နိုင်လေသည်။ ရွာသားများကိုယ်ထူကိုယ်ထ တည်ဆောက်ထားသော ထန်းလုံးကြီးများကို ဒေါက်တိုင် ထား တည်ဆောက်ထားသည့် သစ်သားတံတားကြီးကို ကျော်ဖြတ်၍ လာရ၏ ။ တံတားကြီးသည် လှည်းယာဉ်များ ဖြတ်သန်းနိုင်အောင်ပင် ကြီးမားလှပေ၏ ။

ကျေးရွာသူရွာသားများမှာ အားလုံးဗုဒ္ဓဘာသာဝင်များ ဖြစ်ပြီး စည်းလုံးညီညွတ်ကြပေသည်။ မြန်မာဘုရင်၏ အုပ်ချုပ်မှု အောက်တွင် ငြိမ်ဝပ်ပိပြားစွာ နေထိုင်ကြသောရွာကလေးဖြစ်ပေ သည်။

ရွာသူရွာသားများအတွက် ဂုဏ်အယူရဆုံးအရာမှာ ရွာ၏ မြောက်ဘက်စူးစူးတွင်ရှိသော ဝက်ပါလိုဏ်စေတီကြီးပင်ဖြစ်ပေ သည်။ ဝက်ပါလိုဏ်စေတီကြီးမှာ ရွာငယ်လေးနှင့်မလိုက်အောင်ပင် ကြီးမားခန့်ထည်ကာ မိုးထိမျှော်၍ စွင့်စွင့်ကားကားကြီး တည်ရှိနေ ပေ၏ ။ စမ်းကြီးချောင်ရွာသို့ လာမည်ဆိုလျှင် အဝေးနှစ်မိုင်ကွာ လောက်ကပင် စေတီကြီးကို

ဖူးတွေ့နိုင်လေသည်။ ဝက်ပါလိုဏ်စေတီကြီးကို သီရိဓမ္မာသောကမင်းကြီး လက်ထက်က တည်ဆောက်ခဲ့သည်ဟု ဆိုရိုးရှိပေသည်။ သီရိဓမ္မာ သောကမင်းကြီး တည်ထားခဲ့သည့် စေတီပေါင်းရှစ်သောင်း လေးထောင်ထဲတွင် တစ်ဆူအပါအဝင်ဖြစ်သည်ဟု ဆိုကြလေသည်။ ပါးစပ်ရာဇဝင်ပင် ဖြစ်သော် လည်း ရွာခံလူထုက ထိုအတိုင်းပင် ယုံကြည်ကြ၏ ။ အဘယ်ကြောင့်ဆိုသော် ရွာတွင်လက်ရှိနေထိုင်သော လူအားလုံးသည် စေတီကြီးတည်ထားစဉ်က မမွေးဖွားသေးသော သူများချည်း ဖြစ်သောကြောင့်ပင်။

ရွာသူရွာသားများအားလုံးသည် မွေးကတည်းပင် စေတီကြီး မိမိတို့ရွာနံဘေးမှာ တည်ရှိနေလျက်သား ဖူးတွေ့ကြ ရသည်။ ဘိုးဘွား အစဉ်အဆက်ပြောခဲ့သော သီရိဓမ္မာသောကမင်း ကောင်းမှုတော် ဆိုသော စကားကို အကြွင်းမဲ့ယုံကြည်ကြလေသည်။ စေတီကြီး၏ တည်ထားပုံကလည်း ဆန်းပြားလှပေသည်။ စေတီကိုစတင်တည်ထားစဉ်က ဌာပနာတိုက်ကို ဦးစွာ ဆောက် လုပ်သည်ဟုဆိုသည်။ ဌာပနာတိုက်ကို မြေပေါ်မှာပင် ခြောက်ပေပတ် လည် အုတ်တိုက်တစ်ခုအဖြစ်တည်ဆောက်ကာ ဌာပနာပစ္စည်းများ ထည့်သွင်းခဲ့သည်ဟုဆိုပေ၏ ။ ဌာပနာပစ္စည်းများတွင် သီရိဓမ္မာသောကမင်းကြီး၏ နဝရတ်ကိုးပါးစီချယ်ထားသော ရွှေစလွယ်ကြီးတစ်ခုနှင့် ပတ္တမြားလက်စွပ်ကြီးတစ်ကွင်း အပါအဝင်ဖြစ်သည်။ အခြား သောရတနာပစ္စည်းများ၏ တန်ဖိုး စုစုပေါင်းမှာ တစ်ပြည်ထောင် တန်ဖိုးရှိသည်ဟု ဆိုပေသည်။

ဌာပနာတိုက်တွင် ရတနာပစ္စည်းများဌာပနာပြီး နောက်ပိုင်းမှ ဌာပနာတိုက်ပတ်ပတ်လည်ကို တစ်ဖက်လျှင် ပေလေးရာစီ ကျယ်ပြန့်သော အုတ်ဖိနပ်ခံလိုက်သည်။ ပေလေးရာ ပတ်လည် အုတ်ဖိနပ်ပေါ်တွင် ဌာပနာတိုက်ကို အလယ်ဗဟို ထားကာ ဝက်ပါတစ်ခုကို အုတ်များဖြင့် တည်လေ၏ ။ ဝက်ပါ၌ လမ်းကြောင်းပေါင်း တစ်ထောင်၊ အခန်းပေါင်း တစ်ထောင် ပါဝင် သည်ဟု ဆိုပေ၏

။ ဝင်္ကပါ၏ အုတ်ရိုးမှာ ခြောက်ပေ မြင့်ပေသည်။ ထိုဝင်္ကပါကြီး၏
ခြောက်ပေအမြင့်အုတ်ရိုးပေါ်တွင် အုတ်ဖြင့် အမိုးပြန့်မိုးလိုက်၏ ။
ထိုအမိုးပြန့်ပေါ်မှာမှ စေတီကြီးကို တည်ထားခြင်း ဖြစ်လေသည်။ စေတီ၏ အမြင့်မှာ
အတောင်နှစ်ရာ မြင့်လေသည်။

ဝင်္ကပါ၏ အပေါ်တွင်တည်ထားသော စေတီရင်ပြင်ပေါ်သို့ အမျိုး
သမီးများ တက်ရောက်ဖူးမျှော်ခွင့်မရှိပါ။ အောက်ခြေမှ
မြေပြင်နှင့်တညီတည်းဖြစ်သော ဝင်္ကပါ လိုဏ်ခေါင်းအတွင်းသို့ဝင်ရန်
အပေါက်တစ်ပေါက်ကို စေတီ၏ အရှေ့ဘက် စောင်းတန်းတွင်
ချန်လှပ်ထားလေသည်။ လူတစ်ကိုယ် စာ ဝင်နိုင်သည့် ထိုအပေါက်ကို
မည်သည့်တံခါးနှင့်မျှ ပိတ်မထား ပါပေ။ ထိုအပေါက်မှ တစ်ဆင့်
စေတီအလယ်တည့်တည့်ရှိ ဌာပနာ တိုက်ရှိရာသို့ တိုက်ရိုက် ဝင်သွားနိုင်ပေသည်။
သို့သော် မည်သူမျှ မဝင်ခဲ့ကြပါချေ။

အတွင်းထဲတွင် ဝင်္ကပါလမ်းကြောင်းများမှာ ရှုပ်ထွေး လျက် ရှိပေမည်။
အထက်မှအမိုးပြန့်မိုးထားပြီး အတွင်းတွင် လေဝင်ပေါက်မရှိ၍
မှောင်မည်းနေပေလိမ့်မည်။ ဝင်္ကပါဆိုသည်မှာ အလင်းထဲ၌ ပင်
လမ်းမှန်ရောက်အောင် ရှာဖို့မလွယ်အောင် ပြုလုပ်ထားသော ကွေ့ပတ် ဝေ့ဝိုက်သည့်
လမ်းကြောင်းမျိုး ဖြစ်လေရာ မှောင်မည်းကောက်ကွေ့သော အတွင်းထဲသို့ဝင်ရန်
မည်သူမျှ စိတ်မကူးခဲ့ကြပါချေ။

ဘုရားဌာပနာပစ္စည်းများကို ထိပါးရန် စိတ်ဖြင့်ပင် မပြစ်မှားသည့်
ရိုးသားသော တောသူတောင်သားများအဖို့ ဌာပနာ တိုက်ထဲသို့ ဝင်ရောက်ရန်
စိတ်မျှပင်မကူးခဲ့ကြချေ။ စမ်းကြီးချောင်ရွာသူရွာသားများသည် ဝင်္ကပါလိုဏ်စေတီ
တော်ကြီး မိမိတို့ရွာအနီးမှာ ရှိနေသည်ကို ဂုဏ်ယူကြသည်။ ရွာ၏
ဘုန်းကြီးကျောင်းမှာ စေတီနှင့် မလှမ်းမကမ်း တောင်ခြေရင်း၌ ရှိလေသည်။
ဝါးထရံကာ သက်ကယ်မိုး တောရ ကျောင်းလေးသာ ဖြစ်ပေသည်။

ဥပုသ်နေ့များတွင် စေတီတော်ကြီးပတ်ပတ်လည်တွင် ရှိသည့် ဇရပ်များသို့လာရောက်ကာ ဥပုသ်သီတင်းဆောက်တည်ကြ သည်။ သီလယူပြီး ဇရပ်များတွင် ကိုယ့်အစုနှင့်ကိုယ် ပုတီးစိပ် သူစိပ်၊ တရားဆွေးနွေးသူ ဆွေးနွေးဖြင့် တစ်ပတ်တစ်ကြိမ် ကုသိုလ် ယူရသည်မှာ ကြည်နူးဖွယ် ကောင်းလှပေ၏ ။ ကလေးသူငယ် များသည်လည်း ဥပုသ်စောင့်သူ လူကြီးများနှင့် အတူပါလာကာ စမ်းချောင်းနံဘေး၌ ဆော့ကာ၊ ကစားကာ ရှိကြလေ၏ ။ စမ်းချောင်းနဘေးမှ စေတီကြီး၏ မြင်ကွင်းမှာလည်း တောပန်းရောင်စုံဖူးပွင့်နေသောပန်းမြိုင်ထဲ၌ သပ္ပါယ်စွာတည်ရှိ နေသည်မှာ စိတ်ဘဝင် ညွတ်နူးစရာကောင်းလှပေတော့သည်။ နှစ်စဉ်ပြာသိုလပြည့်နေ့များတွင် ဝဏ်ပါလိုဏ်စေတီကြီး၏ ဘုရားပွဲကို ချိမ့်ချိမ့်သည်းသည်း ကျင်းပမြဲဖြစ်လေ၏ ။ ဘုရားပွဲကို မြို့အရပ်မှ ရုပ်သေးပွဲဖြင့် စည်ကားစွာ ကျင်းပလေ့ရှိလေသည်။ စမ်းကြီးချောင်တစ်ရွာလုံးသည် ဝဏ်ပါလိုဏ်စေတီကြီး အတွက် ဂုဏ်ယူသည်၊ ကြည်ညိုသည်။ စေတီကြီးသည် ရွာ၏ ဂုဏ်ပုဒ်ဖြစ်သည်။ အသက်သွေးကြောဖြစ်သည်။ ထိုသို့ ရွာအတွက် အထွဋ်အမြတ်ထားသောစေတီကြီး ဆီမှ တုန်လှုပ်ချောက်ချားဖွယ် အသံနက်ကြီးထွက်ပေါ်လာသည် တွင် တစ်ရွာလုံး စိတ်နှလုံးတုန်လှုပ်သွားကြသည်မှာ မဆန်းပေ။ ရာသီဥတုသည်လည်း ရုတ်တရက် ဖောက်လွဲဖောက်ပြန်ဖြစ်ကာ မိုးလည်းသည်း၊ လေလည်းထန်၊ မိုးကြိုးလည်းပစ်၊ လျှပ်စီး လည်းလက်နှင့် အံ့သြစဖွယ် အပြောင်းအလဲကြီးက ရုတ်ချည်း ပေါ်ပေါက်လာပြန်သည်။

စိုးရိမ်စိတ်ကြီးမားစွာဖြင့် သူကြီးမှစ၍ ရွာရှိအရွယ်ရောက် ယောကျ်ားအကုန် မိုးထဲလေထဲတွင် စေတီကြီးဆီသို့ အပြေးအလွှား သွားရောက်ကြလေပြီ။ မည်သည့် အမှောင့်ပယောဂကြောင့် စိတ်နှလုံး တုန်လှုပ်ချောက်ချားဖွယ်အဖြစ်များ ဖြစ်ပေါ်လာရသနည်း။

♥ ♥ ♥

## ( ၈ )

''ဖြစ်ပ့ါမလား ကိုမာဒင်ရယ်စဉ်းစားပါဦးတော်''

မလှဆုံက ကိုမာဒင်အကြံအစည်ကို သိလိုက်ရသည်တွင် စိုးရိမ်ထိတ်လန့်စွာ တုန့်ပြန်လိုက်လေသည်။

''ငါတို့မှာ သိပ်ဆင်းရဲနေတာ နင်အသိပဲ လှဆုံ။ ခုဆို ကလေးတစ်ယောက်ထပ်ရပြန်ပြီ။ လယ်မရှိယာမရှိနဲ့ ဒါလောက် ဆင်းရဲတွင်းနက်တဲ့ငါတို့ဘဝ၊ စွန့်စားမှဖြစ်တော့မယ်ဟ''

''ဆင်းရဲတာကတော့ ဟုတ်ပါတယ် ကိုမာဒင်ရယ်။ တခြားဟာ ကြံစမ်းပါဦးလားတော်''

''ငါ ဘာမှမကြံတတ်တော့ဘူး လှဆုံ။ ငါ့မှာ အကြံ ကုန်နေပြီ။ ငါ နင်တို့ သားအမိစားဖို့ တစ်ရပ်တစ်ရွာအထိသွားပြီး အလုပ်လုပ်တာတောင် နင်တို့ ဘယ်မှာထမင်းဝလို့လဲ''

''ဒါပေမယ့်- တော်လုပ်မယ့်ဥစ္စာကြီးကိုတော့ ကျုပ် ကြောက်တယ်တော့''

''ဌာပနာတိုက်ထဲကပစ္စည်းတွေကို ငါအကုန်မယူပါဘူး လှဆုံရယ်။ တို့မိသားစုသုံးလောက်ရုံပဲ ယူမှာပါ။ အာသောက မင်းကြီးရဲ့ ပတ္တမြားလက်စွပ်ကြီးတွေ့ရင် အဲဒါတစ်ခုပဲ ယူခဲ့မယ်။ ပြီးတော့ လုပ်ကိုင်စားလို့ ငွေပွားလာရင် ယူထားတဲ့ဥစ္စာရဲ့တန်ဖိုး အတိုင်း ဘုရားမှာ ငါ ပြန်လှူမယ်လေ။ သဘောကတော့ ဆင်းရဲ လွန်းလို့ ဘုရားပစ္စည်းကို ခဏငှားသုံးတာပေ့ါဟ''

''ကြံကြီးစည်ရာတော်၊ စကားလည်းကြည့်ပြောပါ။ ငရဲ ငအံ့တွေ ကြီးကုန်ပ့ါမယ် ကိုမာဒင်ရယ်''

''အေး ...ငါ နင့်ကို ဖွင့်တိုင်ပင်တာပဲ၊ နင်နှုတ်လုံဖို့ လို တယ်နော်''

''တော် ...တကယ်လုပ်မလို့လား ကိုမာဒင်''

''နင်ကလည်းဟာ ငါတို့မှာ ထွက်ပေါက်မရှိတော့ပါဘူး ဆိုမှ''

ခင်ပွန်းဖြစ်သူ ကိုမာဒင်ပြောသလို သူတို့ဆင်းရဲကြတာ တော့ မှန်ပါသည်။ ဆင်းရဲတာမှ ကိုမာဒင့်ဘက်ကရော၊ မလှဆုံ ဘက်ကပါ မျိုးနဲ့ရိုးနဲ့ ဆင်းရဲကြသည်။ နှစ်ဖက်စလုံးရဲ့မိဘများမှာပင် လယ်ယာရယ်လို့မရှိကြပါ။ သူတစ်ပါးလယ်မှာ အခစားလုပ်ကိုင် စားရသူများ ဖြစ်ပေသည်။ မောင်နှမသားချင်းကလည်း များသေး သည်။

ဆင်းရဲတဲ့မိသားစုနှစ်စုထဲက သူတို့နှစ်ယောက်ကမှ ဖူးစာ ဆုံဖြစ်အောင် ဆုံခဲ့ကြလေသည်။ ကိုမာဒင်သည် မိသားစု တစ်ဝမ်း တစ်ခါးအတွက် အခြားရွာများသို့ပင်သွားကာ သူရင်းငှား လိုက်ခဲ့ရ ပါသည်။ ဒါလည်း ထမင်းမဝခဲ့ကြ။ ယခုဆိုလျှင် သူတို့မှာ သားလေးဖိုးတက်တူ တစ်ယောက် တည်း မဟုတ်တော့။ ဂျမ်းဘုံဆိုသည့် နို့စို့ကလေးတစ်ယောက် ထပ်ပြီးမွေးပြန်ပြီ။

ရှာဖွေစားသောက်ရတာ ခက်ခဲလွန်းတော့လည်း ကို မာဒင်တစ်ယောက်ကြံမိကြံရာ ကြံပြီ ထင်ပါသည်။ တစ်ရွာလုံး အထွဋ်အမြတ်ထားတဲ့ ဝက်ပါလိုဏ်စေတီ ထဲက ဌာပနာတိုက်ကို ဝက်ပါကိုဖြတ်သန်းပြီး ရောက်အောင်သွား မယ်တဲ့။ ဌာပနာတိုက်ထဲက ဌာပနာပစ္စည်းတစ်ခုခုကို အရယူမယ် တဲ့။

ကိုမာဒင်က သူ့အကြံအစည်ကိုဖွင့်ပြောတော့ မလှဆုံ ကြက်သီးဖြန်းဖြန်းထသွားရလေသည်။ သို့သော် ကိုမာဒင်က ဘယ်လိုတားတားမရတော့ပေ။ ဆင်းရဲတွင်းနက်လွန်းခြင်းက သူ၏ စဉ်းစားဆင်ခြင်ဉာဏ်များကို ထုံထိုင်း အ,နူ သွားစေခဲ့ပြီ။ သူ့အကြံအစည်ကို မနေ့က ပြောသည်။ ယနေ့ အကောင်အထည်ဖော်တော့မည်တဲ့။

''နင်မလိုက်ချင်လည်းနေဟာ၊ ငါ့ဟာငါသွားတော့မယ်''

နေ့လယ်ပိုင်းတွင် ကိုမာဒင်က လွယ်အိတ်စုတ်တစ်လုံးထဲ အစားအသောက်အချို့နှင့် ကညင်ဆီမီးစာများ၊ မီးခတ်ကျောက် များ ထည့်ကာ လွယ်အိတ်ကိုလွယ်ရင်း ပြောလိုက်သည်။

''ဒီလိုနေ့မျိုးက အကောင်းဆုံးပဲ၊ ဥပုသ်နေ့မဟုတ်တော့ ဘုရားနားကို လူလည်း မလာဘူး။ လူတွေလည်း ကိုယ့်အလုပ် နဲ့ကိုယ် အာရုံများနေကြတာ၊ နင်မလိုက်ချင်လဲနေ၊ ငါသွားပြီဟေ့''

ကိုမာဒင်က ဆုံးဖြတ်ထားတဲ့အတိုင်းလုပ်ရန် အိမ်ထဲက ထွက်သွားလေသည်။ သည်လိုဆိုတော့လည်း မလှဆုံ မနေသာ။ ကိုယ့် ယောကျ်ား မဟုတ်လား။ ဆိုးတူကောင်းဖက် ပေါင်းသင်းလာသည့် လင်သား၊ သူ့လုပ်ရပ်ကို သဘောတူတူ,မတူတူ လိုက်ပါ စောင့်ရှောက်ပေးဖို့က သူမမှာ တာဝန်ရှိသည်။ ကိုမာဒင်ကလည်း လိုဏ်ခေါင်းအပေါက်ဝမှ စောင့်ပေးရုံသာခေါ်ခြင်းဖြစ်သည်။ သည်လိုနှင့် မလှဆုံသည် နို့စို့ကလေးဂျမ်းဘုံကို ရင်ခွင် ထဲ ပွေ့ရင်း ဆော့ကစားနေသည့် သားကြီးတက်တူကို လက်ဆွဲ ခေါ်ခဲ့ကာ ကိုမာဒင့်နောက်သို့ လိုက်ခဲ့ရလေတော့သည်။ မလှဆုံ ကိုမာဒင့်ကိုမှီလာတော့ ကိုမာဒင်က စေတီကြီး အရှေ့မျက်နှာစာက ဝင်ပေါက်ဝင်ပေါက်အဝကိုပင် ရောက်နေပြီ။ ကိုမာဒင်က နောက်မှလိုက်လာသော လှဆုံနှင့်ကလေး နှစ်ယောက်ကို လှည့်ကြည့်လိုက်သည်။

''နင် ဘာမှလုပ်စရာမလိုပါဘူးလှဆုံ၊ ငါ့ကို စောင့်ပေး ရုံပါပဲ''

''တော် ...အတွင်းထဲမှာ မျက်စိလည်နေရင်ကော''

''တစ်နေကုန်လို့မှ ဌာပနာတိုက်မရောက်ရင် ငါပြန်ထွက် ခဲ့ မယ်လေ''

''အပြန်လမ်းကို တော်က ဘယ်လိုလုပ်သိမှာတုန်း''

''ဒီမှာ ငါ ထုံးမှုန့်တွေ တစ်အိတ်ကြီးယူလာတယ်။ ငါ သွားတဲ့လမ်းတစ်လျှောက် ထုံးတွေဖြူးသွားမှာပေါ့။ ဒါဆို အပြန်လမ်း မပျောက်တော့ဘူး''

ကိုမာဒင်က သူ့စိတ်ကူးနဲ့သူတော့ အဟုတ်ကြီးဖြစ်နေ သည်။ စကားဆုံးသည်နှင့် ကိုမာဒင်က ရှစ်နှစ်အရွယ် သား ကလေး တက်တူကို ငုံ့နမ်းလိုက်သည်။

''အဖေသွားမယ်နော် ငါ့သားတက်တူ၊ အဖေအထဲက ပြန်ထွက်လာရင် တို့ သူဌေးဖြစ်ပြီကွ''

သူ့သားကိုပြောရင်း ဝက်ပါအပေါက်ဝသို့ ခြေလှမ်းလိုက် လေ၏ ။

''အဖေ ဘယ်သွားမလို့လဲ''

''လိုဏ်ခေါင်းထဲကို ဝင်မလို့ ငါ့သား''

''ကျွန်တော်လည်း လိုက်မယ်''

''ကလေး လိုက်လို့မရဘူးကွ၊ အဖေပြန်လာရင် ငါ့သားဖို့ ရွှေတွေငွေတွေယူခဲ့မယ်နော်။ အဖေ မကြာဘူး၊ သားဖို့ အဝတ် အစားတွေ ဝယ်နိုင်အောင် အဖေသွားမှာ၊ အမေနဲ့အတူစောင့်နေ ငါ့သား''

ကိုမာဒင်က စကားဆုံးသည်နှင့် အပေါက်ထဲသို့ တိုးဝင် သွားလေတော့သည်။ မလှဆုံသည် ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့လေ၏ ။ လှဆုံရင်ထဲမှာတော့ လင်သားကိုမာဒင်အတွက် စိုးရိမ်ကြောင့်ကြ နေမိသည်။ လှဆုံသည် ကလေးကိုပိုက်ရင်း လိုဏ်ပေါက်ဝတွင် အတန်ကြာ ရပ်နေမိသေး၏ ။ တက်တူလေးက ဟိုဒီပြေးလွှားကာ ဆော့ကစားနေလေသည်။ လှဆုံသည် ရင်ခွင်ထဲက ကလေးငိုသံကြားမှ အပေါက်ဝ ကို မြင်နေရသည့် ဇရပ်တစ်ဆောင်ပေါ်သို့တက်ခဲ့ကာ ဇရပ်ပေါ်မှ နေ၍ စောင့်နေလေသည်။ ထိုစဉ်မှာပဲ မိုးကောင်းကင်၌ မိုးသားများ အုံ့ဆိုင်းလာကာ ချက်ချင်းမှာပင် ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်သွားခြင်း ဖြစ်တော့၏ ။

အစပိုင်းတော့ လှဆုံသည် ရာသီဥတုဖောက်ပြန်သွား ခြင်းမှာ

မိမိတို့ပယောဂကြောင့်လို့ မထင်မိသေးပေ။ လေများ တဝေါဝေါတိုက်လာကာ သစ်ပင်ကြီးများက ကြောက်မက်ဖွယ် ယိမ်းယိုင်လှုပ်ရှားလာသည်။ လေနှင့်အတူ မိုးစက်များပါလာကာ မိုးသည်းကြီးတစ်ခု ရုတ်ချည်း ရွာချလိုက်လေသည်။ မလှဆုံက ဆော့ကစားနေသည့် တက်တူကို လှမ်းအော် ခေါ်လိုက်သည်။

မလှဆုံမခေါ်မီကပင် တက်တူသည် ကြောက်လန့်တကြား ဖြင့် ဇရပ်ပေါ်သို့ပြေးတက်လာပြီ ဖြစ်၏ ။ မိုးချိမ်းသံများကလည်း ဆက်တိုက်မြည်ဟည်းလျက် ရှိသည်။

လျှပ်စီးများ ဆက်တိုက်လက်လိုက်သောကြောင့် မည်း မှောင်နေသောဝန်းကျင်မှာ လင်းထိန်သွားပြန်လေသည်။ ထို့နောက် ကြားရသူရင်အုံတစ်ခုလုံး ပေါက်ကွဲမတတ် သော မိုးကြိုးပစ်သံကြီးကို ကြားလိုက်ရလေ၏ ။ မိုးကြိုးသံဆုံးသည်နှင့် မြေပေါ်သို့ လေးလံသော တစ်စုံတစ်ခု ပြုတ်ကျသံကို ကြားလိုက်ရလေသည်။ မလှဆုံမျက်လုံးထဲတွင် မီးများပွင့်သွားလေ၏ ။ စေတီကြီး၏ ထီးတော်သည် မိုးကြိုးခလိုက်သောကြောင့် တိတိရိရိ ပြုတ်ထွက်သွားပြီး စေတီ၏ တောင်ဘက်စောင်းတန်း ဘေးသို့ ပြုတ်ကျလာသည်ကို မြင်လိုက်ရသောကြောင့်ဖြစ်၏ ။

''အမယ်လေး ...ဘုရား..ဘုရား ကျိန်စာတွေ သင့်ကုန်ပြီ၊ ကျိန်စာတွေသင့်ကုန်ပြီ''

မလှဆုံက ကြောက်လန့်တကြား စူးစူးဝါးဝါး အော်ဟစ် လိုက်လေသည်။ ရင်ခွင်ထဲမှကလေးက အော်ငိုသည်။ တက်တူက အမေ့ ခါးကို တင်းကျပ်စွာ ဖက်ထားရင်း အသားတွေ တဆတ်ဆတ် တုန်နေ၏ ။ မြေပေါ်ပြုတ်ကျလာသောထီးတော်ကြီးမှာ မြေကြီးထက်၌ ဟိုဘက်ဒီဘက် ယိမ်းထိုးကာ အရှိန်မပြေဘဲလိမ့်နေ၏ ။ ထီးတော်မှာ ချိတ်တွဲထားသော ရွှေငွေလက်ဝတ်ရတနာပစ္စည်းများမှာ မြေပေါ်၌ ပွံ့ကျဲနေလေသည်။ မလှဆုံသည် ကိုမာဒင် မလုပ်သင့်မလုပ်အပ်ရာတွေ လုပ်လိုက်၍ ရာသီဥတုဖောက်ပြန်ကာ

မိုးကြိုးတွေပစ်၊ ထီးတော် မြေခရသည့်အဖြစ်ကို နားလည်လိုက်သည်။ ထိုစဉ် တောရကျောင်းဘက်ဆီမှ တရွေ့ရွေ့လျှောက်လာ သော ဿင်္ကဏာန်တစ်ခုကို မြင်လိုက်ရလေ၏။ ဆရာတော်ဘုရား ကြီးပင်တည်း။ ဆရာတော်ကြီးက မိုးထဲလေထဲတွင် တည်ငြိမ်စွာပင် လျှောက်လှမ်းလာ၏။ ဆရာတော်ကြီးသည် မြေပေါ်ပြုတ်ကျနေသော ထီးတော် ကြီးကို ကြည့်ကာ ခေါင်းကိုခါယမ်းလိုက်လေသည်။ ဆရာတော်ကြီး အကြည့်က ဇရပ်ပေါ်မှမလှဆုံတို့ သားအမိတတွေဆီ ရောက်လာ သည်။

ဆရာတော်ဘုရားကြီး၏ အကြည့်ဒဏ်ကိုမခံနိုင်ဘဲ မလှဆုံက ခေါင်းကို ငုံ့လိုက်လေသည်။ ဇရပ်ပေါ်မှဆင်းကာ မြေတွင်ကျုံ့ကျုံ့ထိုင်ရင်း ဘုန်းတော်ကြီးကို ဦးချကန်တော့လိုက်၏။ မလှဆုံ၏ မျက်ဝန်းမှ မျက်ရည်များ တွေတွေကျဆင်း လာသည်။ ရှိုက်၍ ရှိုက်၍ ငိုသည်။ နှုတ်မှတော့ ဘာမှမပြော။ ဆရာတော်ကြီးကလည်း ဘာမှမမိန့်။ မြေတွင်လဲလျောင်း နေသော ထီးတော်ကြီးကိုတစ်လှည့်၊ မလှဆုံတို့ သားအမိတတွေကို တစ်လှည့်ကြည့်ကာ သက်ပြင်းကိုချလိုက်သည်။

ထိုစဉ်မှာပင်- စေတီရှိရာဆီသို့လျှောက်လာသော လူအုပ်စု၏ အသံကို ကြား ရသည်။ လူအုပ်စု စေတီပရဝုဏ်မရောက်မီပင် မဟာပထဝီမြေကြီး သည် နိမ့်ကာမြင့်ချီဖြင့် တလှပ်လှပ် လှုပ်ရှားလာလေ၏။

♥ ♥ ♥

## ( ဃ )

သူကြီးဦးဘဇံ ဦးဆောင်လာသောလူအုပ်စုကို မြင် လိုက်ရသည်။ သူကြီးနှင့်ရွာသားများသည် ဘုန်းကြီးနှင့် မလှဆုံတို့ မိသားစုကို အမြင်တွင် အံ့သြသွားကြ၏။ လေကြီးမိုးကြီးထဲမှာ မလှဆုံက ကလေးတွေနှင့် ဒီနေရာကို

ဘယ်လိုရောက်နေတာလဲ။ သူတို့သည် အနီးအရောက်တွင် မြေပေါ်တွင်ပြုတ်ကျနေသော ထီးတော်ကြီးကို မြင်လိုက်ရသည့်တွင် ဘုန်းကြီးကိုပင် ဦးမတင်အားဘဲ ထိုနေရာသို့ပြေးသွားကြလေ၏ ။ ငလျင်က အဆက်မပြတ်လှုပ်နေဆဲ။

ငလျင်လှုပ်နေသောကြောင့် ပထဝီမြေကြီးက တွန့်ခေါက်လှုပ်ယမ်းနေသလို လူများသည်လည်း လဲပြိုယိုင်ကျမသွားအောင် ထိန်းနေရလေသည်။

''ဒါ ... ဒါ ...ဘယ်လိုဖြစ်တာလဲ ဘုရား့။ အို ... ကြေကွဲ စရာပါလား ဘုရား။ မိုးကြိုးပစ်လို့ထီးတော်ကြီးကို မိုးကြိုးခလို့ ပြုတ်ကျလာတာလား ဘုရား''

သူကြီးဦးဘဇံသည် ဘုန်းကြီးအနားသို့ လျှောက်သွားကာ လက်အုပ်ချီလျက် မေးလိုက်သည်။ နောက်မှပါလာသော ရွာသား များ၏ ယူကြုံးမရဝမ်းနည်းကြေကွဲသံများက စကားသံအဖြစ် မဟုတ်ဘဲ စုတ်သတ်သံ၊ တောက်ခေါက်သံ၊ ရှိုက်သံများအဖြစ် ထွက်ပေါ်လာလေ သည်။

''မှန်တယ် ဒကာ၊ ထီးတော်မြေခရတာ ကတော့ အခုနက မိုးကြိုးတစ်ချက်ပစ်လိုက်လို့ မိုးကြိုးထိမှန်ပြီး မြေခရတာ ပဲ''

ဘုန်းတော်ကြီးသည် တဖြည်းဖြည်း အလှုပ်ကြမ်းလာ သော ငလျင်ကြောင့် မြေပေါ်တွင် ထိန်း၍ ရပ်ရင်းမှ မိန့်ကြားလိုက် သည်။

ဦးဘဇံက ဘုန်းကြီး၏ မျက်နှာတော်ကို မော်ကြည့်လိုက် သည့်အခါ ဘုန်းကြီး၏ မျက်ဝန်းတွင် မျက်ရည်စများ ရီဝေနေ သည်ကို တွေ့လိုက်ရလေ၏ ။ ဦးဘဇံသည် စေတီပရဝုဏ်ထဲသို့ မလှဆုံ ရောက်ရှိနေခြင်း၊ မလှဆုံတိတ်ဆိတ်စွာခေါင်းငုံ့လျက် ငိုရှိုက်နေခြင်းများကိုကြည့်ကာ သင်္ကာမကင်းစိတ်များ ခံစားလာ ရလေသည်။ လူအများသည် ဆရာတော်ကြီးအား လက်အုပ်ချီကာ ဆရာတော်ဘုရား မိန့်ကြားမည့်စကားကို ငံ့လင့်နေကြလေသည်။

''တစ်ခုခုမိန့်ပါ ဘုရား၊ ထီးတော်ကြီးမြေခရတာ သဘော ရိုး မဟုတ်ပါ။

ရာသီဥတုများကလည်း ရုတ်တရက်ပြောင်းလဲ သွားပါတယ်။ လျှော်တွေလည်း လှုပ်နေပြီဘုရား။ ဒါမျိုး တပည့်တော် တစ်သက်မကြုံဖူးခဲ့ပါဘူး။ ဒါဟာ သွေးရိုးသားရိုး မဟုတ်ပါဘူး ဘုရား။ ဘာကြောင့် ဖြစ်ရတယ် မိန့်တော်မူပါ''

သူကြီးဦးဘဇံက မြေခလဲလျှောင်းနေသော ထီးတော်ကြီး ကို တစ်လှည့်၊ ဘုန်းကြီးကိုတစ်လှည့် ကြည့်ကာ လျှောက်ထားလိုက် သည်။

''အေး ...ငါလည်း ဒီကိစ္စစေ့ငုရအောင် ဒီနေရာကို အခုပဲ ရောက်တယ် ဒကာဘဇံ။ အကျိုးအကြောင်းအစုံကို ဟောဒီ က မိလှဆုံ ပြောပြနိုင်လိမ့်မယ်၊ သူ့မေးပေတော့''

သူကြီးနှင့်လူအားလုံး၏ အကြည့်က မလှဆုံထံ ရောက်ရှိ သွားလေသည်။

''လှဆုံ၊ လှဆုံက ဘာကြောင့် ပြောနိုင်ရမှာလဲ ဘုရား့''

''မိလှဆုံ အစောကြီးကတည်းက ဒီနေရာရောက်နေ ခဲ့တယ်။ အကြောင်းစုံကို သူ့သာမေးပါလေ''

ထိုအခါမှ သူကြီးသည် လှဆုံဘေးတွင် သူ့ယောကျ်ား ကိုမာဒင် မရှိသည်ကို သတိပြုမိ၏ ။

''လှဆုံ၊ နင် ဒီမှာဘာလာလုပ်နေသတုံး။ မာဒင်ကော ပြောစမ်း''

''ကို ...မာဒင် ...မာဒင် ဝင်္ကပါထဲကို '

''ဘာ-''

''ကိုမာဒင် ဝင်္ကပါထဲကိုဝင်သွားတယ်''

'ဟယ်'ခနဲအသံများ ဟိန်းထွက်သွားသည်။

''မာဒင်က ဝင်္ကပါထဲ ဘာဝင်လုပ်တာလဲ''

''ဟို ...ဟို ...ဘုရားဉာပနာတိုက်က ရတနာပစ္စည်းတွေ ကို''

''ဟင် ...အမိုက်မလင်မယား၊ နင်တို့ယုတ်မာလို့ တို့ရွာက ဘုရားကြီး မြေခရပြီဟဲ့၊ ကဲဟာ''

သူကြီးဘဇံ၏ လက်က မြောက်တက်သွားကာ မလှဆံ ပါးကို ရိုက်ရန် ရွယ်လိုက်လေသည်။ ဘုန်းကြီးက သူကြီး၏ လက်ကိုဖမ်းဆွဲကာ တားလိုက်၏။

''သည်းခံဒကာ၊ သူတို့မိုက်ပစ်ကို ဘုရားကပဲ ဒဏ်ခတ် ပါလိမ့်မယ်၊ မောင်ရင် စီရင်စရာမလိုပါဘူး''

''တပည့်တော် ခံပြင်းလွန်းလို့ပါ၊ တစ်ရွာလုံး တစ်နယ်လုံး အထွတ်အမြတ်ထား တန်ဖိုးထားတဲ့ဘုရားကြီးရဲ့ပစ္စည်းကိုမှ ဒင်းတို့ လုပ်ရက်တယ်။ ဒင်းတို့မိုက်ပြစ်ဒဏ်ကို ဒင်းတို့ချည်းခံရတာ မှ မဟုတ်ပဲ ဘုရား။ တပည့်တော်တို့ ရွာသူရွာသားတွေအတွက် ကိုးကွယ်ရာမဲ့ပြီ။ ဘုရား ...ဘုရား ...လှဆံုရယ် အမိုက်မ၊ နင်တို့မို့ လုပ်ရက်တယ်။ တောက်''

သူကြီးဦးဘဇံ၏ မချိတင်ကဲရေရွတ်ပြောဆိုသံပင် မဆုံး လိုက်ရပါ။ မြေကြီး၏ နက်ရှိုင်းသောနေရာဆီမှ အမျိုးအမည် မခွဲခြားနိုင်သော လိုဏ်သံကြီးတစ်ခုက အဝီစိမှအော်တက်လာကာ တဖြည်းဖြည်း ကျယ်လောင်၍ မြေပေါ်ရောက်လာလေသည်။ လှုပ်လက်စငလျင်မှာလည်း ပို၍ ပြင်းထန်စွာ လှုပ်ယမ်းလာလေ၏။

''ဒကာတို့၊ အားလုံး မြေပေါ်မှာဝပ်နေကြ''

ဘုန်းကြီးက မိန့်ကြားလိုက်ကာ သူကိုယ်တိုင် မြေပေါ်တွင် ဆောင့်ကြောင့်ထိုင်ချလိုက်သည်။ လူအားလုံးလည်း မြေပေါ် ထိုင်သူထိုင်၊ ဝပ်နေသူက ဝပ်နေကြ၏။ ထိုသို့ မပြုလုပ်ပါက ငလျင်ဒဏ်ကြောင့် မြေပေါ်လဲကျသွားမည်ဖြစ်ပေသည်။ မြေကြီးထဲမှ ထွက်ပေါ်လာသော တော်လဲသံကြီးသည် တစ်စ တစ်စ မြေပြင်နှင့် နီးကပ်လာကာ ပိုမိုမြည်ဟိန်းလာ

လေသည်။

ထို့နောက် ငလျင်သည် အပြင်းထန်ဆုံးတစ်ချက် လှုပ် လိုက်ကာ ထီးတော်ကြီးပြိုကျနေရာအနီးတွင် မြေ၌ အက်ကွဲကြောင်း ကြီး ပေါ်သွားလေ၏ ။ ထီးတော်ကြီးသည် ငလျင်အားဖြင့် လိမ့်၍ သွားကာ အက်ကွဲကြောင်းကြီးထဲသို့ လိမ့်ဆင်းသွားလေသည်။ အနီးတွင် ပုံ့ကျဲနေသော ရတနာများသည်လည်း အက်ကွဲကြောင်း ကြီးထဲသို့ လျှောဆင်းသွားလေသတည်း။

''ဟယ်''

''ဟာ''

''အို''

လူထုပရိသတ်သည် တစ်ခဏချင်း ဖြစ်ပေါ်ပြောင်းလဲ သွားသော မြင်ကွင်းကိုကြည့်ကာ အာမေဋိတ်သံမျိုးစုံဖြင့် ရေရွတ် အော်ဟစ်လိုက်ကြလေ၏ ။ ထီးတော်ကြီးရော၊ ရတနာပစ္စည်းများပါ မြေအက်ကွဲ ကြောင်းကြီးထဲသို့ တစ်ခုမကျန် ကျဆင်းသွားပြီးသည်နှင့် အက်ကွဲကြောင်းကြီးသည် လျင်မြန်စွာ ပြန်လည်စေ့ပိတ်သွား လေတော့သည်။

''ဟင် ...သွားပြီ ...သွားပြီ၊ ထီးတော်ကြီးအစအနတောင် မကျန်တော့ပါလား။ ကျုပ်တို့ကိုးကွယ်ဖို့ ထီးတော်အကျိုးအပြတ် တောင် မရှိတော့ဘူး။ ဘုရားရိုက်ပြီ၊ ကျိန်စာသင့်ပြီ၊ လောဘသား လင်မယားကြောင့် ဒါတွေဖြစ်ရတာ ။ ဒီအတိုင်းကြည့်နေတော့မလား ဘုရာ့။ ဒီတိုင်း ကြည့်နေတော့မလား''

သူကြီးဦးဘဇံက ငိုသံပါကြီးဖြင့် အော်ဟစ်ရေရွတ်လိုက် လေသည်။ သူကြီး၏ လူယုံတပည့် ကိုတုပ်ဖားသည် ထိုင်ရာမှထလိုက် ကာ မလှဆုံ၏ ကျောကုန်းကို ဖနောင့်ဖြင့် အားရပါးရ ပေါက်ချလိုက်လေ၏ ။ နှုတ်မှလည်း ပြောဆိုရေရွတ်လိုက်လေသည်။

''သေချင်းဆိုးမ ...နင်တို့လင်မယားကြောင့် တို့ရွာမှာ သာသနာကွယ်ပြီ။ နင်တို့တစ်မိသားစုလုံးကို သတ်မယ် ဟဲ့ အယုတ် တမာမ''

''တော် ...တုပ်ဖား၊ တော် ...မလုပ်နဲ့၊ သူတို့မိုက်ပြစ်ကို ဘုရားက ဆုံးမလိမ့်မယ်လို့ ငါပြောပကော''

''မခံချင်လွန်းလို့ပါဘုရား၊ မခံချင်လွန်းလို့ပါ။ သူတို့ လုပ်ရပ်ကြောင့် တစ်ရွာလုံး ကိုးကွယ်ရာမဲ့ရပြီ ဘုရား''

ဘုန်းကြီးက လှဆုံနှင့်တုပ်ဖားကြားတွင် ဝင်ရပ်လိုက် သည်။

''မိလှဆုံ ...မိန်းကလေး၊ ဟဲ့ ...အမိုက်မ၊ ပြေးပေတော့ ဟဲ့။ ပြေးပေတော့ ...ဒီမှာနေရင် နင့်တို့ကို လူတွေ ဝိုင်းသတ်လိမ့်မဟဲ့။ ငါ နင့်ကို ဒီတစ်ချိန်ပဲ ကယ်နိုင်မယ်။ အေး ...နင်တို့လုပ်ရပ်ကိုတော့ သံသရာရှိသမျှ ပေးဆပ်ရလိမ့်မယ်။ ငါ မကယ်နိုင်ဘူး၊ နင်တို့ ဒီရွာကို ဘယ်တော့မှပြန်မလာနဲ့တော့။ လောလောဆယ် လွတ်ရာ ပြေးပေရော့၊ ပြေးကြပေတော့''

ဘုန်းကြီး၏ မိန့်ကြားသံဆုံးသည်နှင့် မလှဆုံသည် ကလေးကို ပွေ့ကာ မတ်တပ်ထရပ်လိုက်သည်။ လက်တစ်ဖက်က သားဖြစ်သူ တက်တူကိုဆွဲကာ ခြေဦးတည့်ရာသို့ ပြေးလေ တော့သည်။ တက်တူသည်လည်း အခြေအနေအရပ်ရပ်ကို နားလည်လိုက်ကာ မိခင်ခေါ်ဆောင်ရာ နောက်သို့ တစ်ဟုန်ထိုး ပြေးလိုက်သွားလေသည်။

♥♥♥

## ( ၄ )

မလှဆုံသည် ရွာသားများရပ်နေရာဘက်ကို ဆန့်ကျင်ကာ ထွက်ပြေးခဲ့ရလေသည်။ ရွာမှလူများက ရွာဘက်ဆီတွင်ပိတ်ရပ်နေရာ မလှဆုံတို့

သားအမိများသည် ဘုန်းကြီး ကာကွယ်ပေးထားသည့် အကာ အကွယ်ကို ယူကာ စေတီ၏ မြောက်ဘက် တောရကျောင်းရှိသည့် ဘက်သို့ ဦးတည် ပြေးခဲ့ရလေ၏။ ဘုန်းတော်ကြီးက ကာကွယ်ပေးထားသော်လည်း မခံချင် သူ အချို့သည် ခဲလုံးများ၊ ကျောက်တုံးများကို မြေမှကောက်ယူကာ မလှဆုံတို့ကို ပစ်ပေါက်ကြလေ၏။ မလှဆုံတို့သားအမိများ စေတီကြီးအနီးမှဖြတ်သန်း သွားစဉ်-

"အား"

ဟူသော ထိတ်လန့်ကြောက်ရွံ့ဖွယ် အော်သံနက်ကြီးတစ်ခု က လိုဏ်ဂူအတွင်းမှ ထွက်ပေါ်လာလေသည်။ ကိုမာဒင်၏ အော်သံ ဖြစ်ကြောင်း လူတိုင်းပင် သိနားလည်လိုက်ကြ၏။ ကိုမာဒင်၏ ချောက်ချားစရာကောင်းသော အော်သံကြီးမှာ လိုဏ်ခေါင်း တစ်လျှောက်ကို ဖြတ်သန်း၍ ပဲ့တင်ထပ်ကာ ဟိန်းထွက်လာခြင်းဖြစ် လေသည်။

လင်သား၏ အော်သံကြောင့် မလှဆုံ ပြေးရာမှရပ်ကာ တုံ့ခနဲ ဖြစ်သွားလေသည်။ ဖိုးတက်တူလေးကတော့ ကျောက်တုံး၊ ခဲလုံးများဖြင့် ပစ်ပေါက်နေခြင်းကို ကြောက်ရွံ့ကာ ရှေ့ကိုဆက်၍ ပြေးသွားလေသည်။

မိုးများကလည်း ရွာဆဲ ...

လေများလည်း ထန်ဆဲ ...

လျှပ်စီးများကလည်း ပြိုးပျက်ဆဲ ...

မိုးချိမ်းသံ၊ မိုးကြိုးသံများကလည်း အဆက်မပြတ် မြည်ဟိန်းနေမြဲ ...

ငလျင်သည်လည်း မြေလွှာတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားတော့မည့်သဖွယ် ပို၍ ပို၍ ပြင်းထန်စွာ တုန်လှုပ်လာပြန် လေသည်။ စေတီကြီးဘေးတွင် မလှဆုံ ကြောင်၍ ရပ်နေဆဲမှာပင် မြေကြီးသည် အပြင်းဆုံးတစ်ချက်လှုပ်ခါလိုက်ပြန်၏။ ငလျင်၏ ပြင်းထန်မှုကြောင့်

ပြတ်ကျသွားသော ထီးတော် အောက်ဘက်မှ စေတီ၏ အပိုင်းအစများသည် ပြိုကျသွားလေ၏ ။ စေတီသည် ဖောင်းရစ်တော်အထိ တစ်စစီ ပြိုကွဲအက်ကျသွားရာ အပိုင်းအစများက မြေပေါ်သို့ တဝေါဝေါ ကျဆင်းလာလေ တော့သည်။

ထိုစဉ် လူကြီးလက်နှစ်ဖက်စာခန့်ရှိသော အုတ်စအပိုင်း အပြတ်ကြီးတစ်ခု စေတီထက်မှ အရှိန်ပြင်းစွာ ကျဆင်းလာလေ၏ ။ မလှဆုံရပ်နေရာဆီသို့ တည့်မတ်စွာပင် ကျဆင်းသွားကာ အပိုင်းပြတ်ကြီးက မလှဆုံအပေါ်သို့ကျရောက်ပြီး လူတစ်ကိုယ်လုံးကို ဝါးမြိုပစ်လိုက်လေတော့သတည်း။ တစ်ခဏအတွင်းမှာပင် မလှဆုံရော ရင်ခွင်ထဲမှကလေးပါ ကျောက်တုံးအောက်တွင် ပိပြား သွားကာ အစအန မကျန်အောင် ပျောက်ကွယ်သွားလေ တော့သည်။ ရွာသားများသည် မြင်ကွင်းကိုကြည့်ကာ ထိတ်လန့် တကြား အော်ဟစ်လိုက်ကြလေသည်။

''အမေ ...အမေ ...ညီမလေး''

တက်တူသည် နောက်သို့ပြန်လှည့်ကြည့်လိုက်ရာ မိခင်နှင့် ညီမတို့၏ အဖြစ်ဆိုးကို မြင်တွေ့လိုက်ရသည်တွင် အသံကုန် အော်လိုက်သည်။ ထိုအချိန်၌ တစ်ချိန်လုံး ဆိုးဝါးဖောက်ပြန်လာခဲ့သော ရာသီဥတုသည် တဖြည်းဖြည်းဖြင့် ငြိမ်သက်သွားလေသည်။ မိုးလည်း စည်းသွားသည်။ လေလည်း ငြိမ်သွားသည်။ မြေသားများ လှုပ်ခါမှုလည်း တည်ငြိမ်ရပ်စဲသွားသည်။ ပတ်ဝန်းကျင်တစ်ခုလုံး နဂိုပကတိအတိုင်း ငြိမ်သက်သွား လေ၏ ။

နဂိုအတိုင်းမရှိတော့သည်ကား ဝက်ပါလိုဏ်စေတီကြီးပင် ဖြစ်တော့သည်။ အတောင်နှစ်ရာ မြင့်မားခဲ့သောစေတီကြီးသည် ဖောင်းရစ်အထိပင်ရှိတော့ကာ မြေပေါ်သို့ အစိတ်စိတ်အပိုင်းပိုင်း ပြတ်၍ လဲကျခဲ့လေပြီ။ ထီးတော်ကြီးကိုလည်း သာသနာကို ထိပါးစော်ကားသူများ ရှိသည့်မြေတွင် အမှတ်အသားအဖြစ်ပင် မထားရစ်တော့လိုသည့်အလား မြေမှ ဝါးမြိုဖျောက်ဖျက်ပစ်လိုက် လေပြီ။ မြင်ရသူအပေါင်းသည် တောက်တခေါက်ခေါက်၊

စုပ်တသပ်သပ်၊ သက်ပြင်းတရှိုက်ရှိုက်ဖြင့် ဝမ်းနည်းယူကြုံးမရ ဖြစ်နေကြလေ၏ ။ မှန်တိုင်းငြိမ်သက်သွားချိန်၌ ရွာထဲမှမိန်းမများ၊ ကလေး များ၊ သက်ကြီးရွယ်အိုများ စေတီကြီးရှိရာသို့ စုရုံးရောက်ရှိ လာကြလေ၏ ။

''အလိုလေး ...ဘယ်လိုဖြစ်ရတာ လဲ''

''စေတီတော်ကြီး ဘယ်ရောက်သွားလဲ''

တစ်ယောက်တစ်ပေါက် မေးမြန်းသံများ ဆူညံသွားလေ သည်။

''အေးဟေ့ ...တို့ရွာက မိစ္ဆာပူးနေတဲ့ မကောင်းဆိုးဝါး မိသားစုတစ်စုကြောင့် တို့ရွာမှာ ကိုးကွယ်စရာ ဘုရားကွယ်ရပြီ။ သာသနာကွယ်ရပြီဟေ့။ ကြည့်ကြပါဦးကွယ့်။ ကောင်းကြသေး ရဲ့လား''

သူကြီးဦးဘဇံက ကြေကွဲသောအသံကြီးဖြင့် ပြောလိုက်ပြီး အဆုံးတွင် ယောက်ျားကြီးတန်မဲ့ အော်ဟစ်ငိုယိုလိုက်လေ၏ ။ စေတီပျက်ဝန်းကျင်တစ်ခုလုံး ငိုသံများ ဖုံးလွှမ်းသွားခဲ့ သည်။ အချို့သောမိန်းမများက မြေပေါ်တွင်လူးလှိမ့်ကာ ငိုယိုကြ လေ၏ ။ ဤနေ့သည်ကား စမ်းကြီးချောင်ရွာအတွက် ဘုရားရိုက် သော နေ့၊ သာသနာကွယ်သောနေ့၊ သဘာဝ တရား၏ ဒဏ်ခတ်ခံရသော နေ့ဆိုးကြီးပင် ဖြစ်လေတော့သတည်း။ ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့သည့်ကာလကား မြန်မာ သက္ကရာဇ် ၁၂၃၇၊ ခရစ်နှစ် ၁၈၇၆ ခုနှစ်တွင် ဖြစ်လေသည်။

♥ ♥ ♥